**Aotearoa Clinical Trials**
Te Kohinga Ora

# ဆေးဘက်ဆိုင်ရာ စမ်းသပ်လေ့လာမှုများ က ငါ့ အတွက် သင့်တော်သလား?

## ဆေးဘက်ဆိုင်ရာ စမ်းသပ်လေ့လာမှုဆိုတာဘာလဲ?

Clinical trial ဆိုတာ လူတွေ ပါဝင်တဲ့ ဆေးဘက်ဆိုင်ရာ စမ်းသပ်လေ့လာမှုတစ်ခုပါ။ ဒီလို စမ်းသပ်လေ့လာမှုတွေက ဆရာဝန်တွေနဲ့ သုတေသနလုပ်သူတွေကို ဆေးအသစ်တွေ၊ ကိရိယာတွေ၊ ဒါမှမဟုတ် ကုသနည်းတွေဟာ လုံခြုံပြီး ထိရောက်မှုရှိမရှိ သိနိုင်ဖို့ ကူညီပေးပါတယ်။

## လူတွေ ဘာကြောင့် ပါဝင်ဖို့ ရွေးချယ်ကြတာလဲ။

အကြောင်းရင်းများမှာ –

- အခုလက်ရှိ ကုသမှုတွေက မလုံလောက်ပါ။
- အခြားထောက်ပံ့ပေးထားသောကုသမှု ရွေးချယ်စရာတွေ မရှိပါ။
- ကုသနည်းအသစ်တွေ သို့မဟုတ် အသစ်ထွက်လာနေတဲ့ ကုသနည်းတွေကို အသုံးပြုရန်
- မိမိ၏ ကျန်းမာရေးတွင် တက်ကြွစွာ ပါဝင်လိုခြင်း
- အနာဂတ်တွင် အခြားသူများအတွက် ကုသမှုကို ပိုမိုကောင်းမွန်လာစေရန် ကူညီလိုခြင်း

"မှန်ကန်ဆုံး" ဟူသော အကြောင်းရင်း တစ်ခုတည်း မရှိပါ – ကိုယ့်အတွက် သင့်တော်တယ်လို့ ခံစားရတာပဲ အရေးကြီးပါတယ်။

## ဆေးဘက်ဆိုင်ရာ စမ်းသပ်လေ့လာမှု အမျိုးအစားများ

### ကုသမှုအသစ်တွေကို စမ်းသပ်တဲ့ လေ့လာမှုများ

ရောဂါတစ်ခုကို ကူညီနိုင်မလား သိဖို့ ဆေး၊ ကိရိယာ ဒါမှမဟုတ် ကုသနည်းကို စမ်းသပ်တာ ဖြစ်ပါတယ်။

### ကုသမှုကို မပြောင်းလဲဘဲ လူတွေကို စောင့်ကြည့်လေ့လာတဲ့ စမ်းသပ်မှုများ

ကုသမှုအသစ် မပါပါဘူး။ သုတေသနလုပ်သူတွေက ရောဂါကို ပိုနားလည်ဖို့ ကျန်းမာရေးအချက်အလက်တွေကို စောင့်ကြည့်လေ့လာပါတယ်။

သင့်အား ပါဝင်ရန် ဖိတ်ခေါ်ထားသော စမ်းသပ်လေ့လာမှု အမျိုးအစားကို စမ်းသပ်အဖွဲ့က အသေးစိတ် ရှင်းပြပေးပါလိမ့်မယ်။

## သင် လုပ်ဆောင်ရမည့် အရာများ (တာဝန်များ)

ပါဝင်သည့်အခါ –

- ချိန်းထားတဲ့ အချိန်တွေမှာ လာရောက်ပါ။
- သုတေသန ညွှန်ကြားချက်များကို လိုက်နာပါ
- ကျန်းမာရေး၊ ဆေးသောက်မှု ဒါမှမဟုတ် ကိုယ့်အခြေအနေမှာ ပြောင်းလဲတာရှိရင် အဖွဲ့ကို ပြောပြပါ။
- မရှင်းလင်းသည့် အရာများ မသေချာသည့် ကိစ္စများ ရှိပါက မေးမြန်းပါ

## ပါဝင်ခြင်း၏ အကျိုးကျေးဇူးများ

ပါဝင်သူတွေ အများအားဖြင့် တန်ဖိုးထားတာတွေက –

- အထူးကု ဆရာဝန်များမှ နီးကပ်စွာ စောင့်ကြည့်မှု
- လူအများ မရရှိသေးတဲ့ ကုသမှုအသစ်တွေကို ခံယူနိုင်မှု
- ကိုယ်ရောဂါအခြေအနေကို ပိုမို နားလည်နိုင်မှု
- ကူညီထောက်ပံ့ခံရသည့် ခံစားချက်
- အခြားသူများအတွက် ကုသမှုကို ပိုမိုကောင်းမွန်လာစေရန် ကူညီခြင်

## ဖြစ်ပေါ်နိုင်သော အန္တရာယ်များ (အကျိုးဆိုးများ အပါအဝင်)

ကုသမှုတိုင်းမှာ အန္တရာယ်တွေ ရှိနိုင်ပြီး၊ အောက်ပါအရာတွေ ပါဝင်နိုင်ပါတယ်

- ဘေးထွက်လက္ခဏာတွေ (မမျှော်လင့်ထားတာတွေလည်း ပါနိုင်ပါတယ်)
- ဒီကုသမှုက သင့်ကို မကူညီနိုင်လည်း ဖြစ်နိုင်ပါတယ်။
- သင့်အား နှိုင်းယှဉ်အုပ်စု သို့မဟုတ် placebo အုပ်စုတွင် ထည့်သွင်းနိုင်ပါသည် (စမ်းသပ်လေ့လာမှုအလိုက် မတူနိုင်ပြီး သဘောတူညီမှု ပြုလုပ်စဉ်တွင် ရှင်းပြပါလိမ့်မည်)။

သင် ဆုံးဖြတ်ချက် ချမည့် မတိုင်မီ အန္တရာယ်များကို တိတိကျကျ ရှင်းပြပေးမည်ဖြစ်ပြီး၊ လေ့လာမှုတစ်လျှောက်လုံး သင့်၏ လုံခြုံရေးကို စောင့်ကြည့်ပေးပါလိမ့်မယ်။

## ပါဝင်သူ၏ အခွင့်အရေးများ

သင့်မှာ အမြဲတမ်း ဒီလို အခွင့်အရေးတွေ ရှိပါတယ် –

- မည်သည့်အချိန်မဆို မေးခွန်းများ မေးမြန်းရန် အခွင့်အရေး ရှိပါသည်။
- ဆုံးဖြတ်ဖို့ အချိန်ယူလို့ ရပါတယ်။
- မိသားစု သို့မဟုတ် ကူညီပေးမယ့် လူတွေကို ခေါ်လာလို့ ရပါတယ်။
- မည်သည့်အဆင့်တွင်မဆို ပါဝင်မှုမှ နုတ်ထွက်နိုင်ပါသည်။
- သင်၏ ပုံမှန် ဆေးဘက်ဆိုင်ရာ ကုသမှုကို ဆက်လက် လက်ခံနိုင်ပါသည်။
- သင့်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်ထားပေးမည် ဖြစ်ပါသည်။

ပါဝင်ခြင်းသည် မိမိ၏ ဆန္ဒအလိုက် ဖြစ်ပြီး၊ သင့်၏ အချက်အလက်များကို ဒေသဆိုင်ရာ ကိုယ်ရေးကိုယ်တာ ကာကွယ်ရေး ဥပဒေများနှင့် ကိုက်ညီစွာ ကိုင်တွယ်သုံးစွဲပါသည်။

## ဆေးဘက်ဆိုင်ရာ စမ်းသပ်လေ့လာမှုတစ်ခုကို ရှာဖွေရန်

သင် ဒီလိုတွေ လုပ်နိုင်ပါတယ် –

- သင့်၏ အထွေထွေ ဆရာဝန် (GP) သို့မဟုတ် ကျွမ်းကျင် ဆရာဝန်နှင့် ဆွေးနွေးပါ။။
- ကျွန်ုပ်တို့၏ ဝဘ်ဆိုက်ရှိ Recruiting Trials စာမျက်နှာကို ဝင်ရောက်ကြည့်ရှုပါ။
- ကျွန်ုပ်တို့အဖွဲ့ကို ဆက်သွယ်ပါ – အကြောင်းအရာတွေကို အတူတူ ဆွေးနွေးပေးဖို့ ဝမ်းသာပါတယ်။

Future medicine,
delivered locally

Call 09 270 9758
Email info@aotearoatrials.nz
www.aotearoatrials.nz

*Future participants*
ဖုန်း: ***0800 ENROLL (0800 367 655)***
စာတို/ဖုန်း: ***021 581 805***
အီးမေးလ်: ***participants@aotearoatrials.nz***
ဝဘ်ဆိုဒ်: ***www.aotearoatrials.nz/participants***